## ဇရာ၏ ဒဏ်ချက်

ဆံပင်တွေဖြူ၊ နားတွေအူ၊ အသားအရေညှိုး၊
သွားတွေကျိုးလို့၊ မျက်စိတွေမှိုင်း၊ ခါးတွေကိုင်းတဲ့အပြင်၊
တစ်ကိုယ်လုံးရှုတ်တွပ္ပွင်းယို၊ လူအိုကြီးဖြစ်လာချေပြီ၊
လက်တွေတုန်၊ ခြေတွေတုန်၊ ကတုန်ကယင်ကြီး၊
ဖြစ်လာပြီ၊ အားအင်တွေခန်းခြောက်၊
ပျိုတဲ့ရုပ်တွေပျောက်ပြီးတော့၊ အိုတဲ့ရုပ်တွေ
ရောက်လာကုန်ကြပြီ၊ ရင်အုံတွေချိုင့်၊
ပါးတွေချိုင့်လို့၊ မျက်တွင်းဟောက်ဖက်၊
ချောင်းကလေးတဟက်ဟက်၊
တောင်ဝှေးလက်ကိုင်က၊ ချော်ကချွတ်နဲ့၊ အဖော်မဲ့လို့လာချေပြီ။
ပွဲလယ်သဘင်အသုံးမဝင်၍၊ ပွဲပြင်တွင်လည်းအသုံးမကျ၊
မုန်းစရာလူကြီးဖြစ်ချေပေ့။
တစ်ဘဝလုံး အသုံးမကျ၊
အရှုံးနဲ့သာနေခဲ့ရ၊ မညာမတာ၊
တဏှာခိုင်းသမျှဆောင်ရွက်ရ၊
ကိုယ့်တွက်ကိုယ်တာမကျန်တော့ပါ။





## ထိုတစ်နေ့

ငါနှင့်ရွယ်တူ ငါ့အောက်လူကြီးသူသေကြများလှပြီ
ခန္ဓာမစဲ၊ အိုစမြဲ ကိုယ်လည်းသေဘက်နီးခဲ့ပြီ
မသေရမီ ပါရမီ ငါသည်ဖြည့်မှသင့်တော့မည်
ငါဟဲ့ငါဟဲ့ မာတဲ့သူတွေ၊
သေမင်းခြေရင်း ခွေစင်းကာနေ၊
ထောက်တကြွကြွ မောက်လှသူတွေ၊
မနိုင်မြဲ ယိုင်လဲပါလို့သေ၊
မအိုပါလို ငါကဆိုလည်း ငါဆိုမရ၊
အိုကြရ အနတ္တ ခန္ဓာကိုယ်
မနာပါလို ငါကဆိုလည်း ငါဆိုမရ၊
နာကြရ အနတ္တ ခန္ဓာကိုယ်၊
မသေပါလို ငါကဆိုလည်း ငါဆိုမရ၊
သေကြရ အနတ္တ ခန္ဓာကိုယ်၊
ဘုန်းကံကြီးမား ချွေရံများ၍ ခွန်အားပြည့်မတ် ဣန္ဒြိယ်ဒ်နှင့်
အတတ်ပညာကြီးသူပါတည်း။
သတ္တဝါအားလုံးကုန်အောင်ခြုံ၊
နောက်ဆုံးသေရမည်တကား၊
ကုသိုလ်ဥစ္စာ ကျန်းခဲ့သာ၍၊
ပညာတန်ခိုး တစ်မျိုးမျိုးမှ အကျိုးမထွက်၊

**ထိုနေ့တွက် သက်သက်ဝမ်းနည်းဖွယ်။**

(အရှင်ဇနကာဘိဝံသ)